Global Sustainable Tourism Council

# ခရီးစဉ်ဒေသများအတွက် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ - အကြံပြုထားသည့်လုပ်ငန်းဆောင်ရွက်မှုအညွှန်းများပါဝင်သည်

## တင်ပြမှုပုံစံ ၁.၀၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်

ဤနေရာ၌ဖော်ပြထားသည့် လုပ်ငန်းဆောင်ရွက်မှုအညွှန်းများသည် ခရီးစဉ်ဒေသများအတွက် ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ(GSTC-D)ကို လိုက်နာမှုအား တိုင်းတာရန် လမ်းညွှန်အဖြစ် ပြုစုထားခြင်းဖြစ်သည်။ ယင်းတို့သည် အမိန့်ပြဋ္ဌာန်းဆိုခြင်း သို့မဟုတ် အလုံးစုံပြည့်စုံခြင်းအတွက် ရည်ရွယ်ထားခြင်း မဟုတ်ဘဲ ကိုယ်ပိုင်အညွှန်းများကို အကောင်အထည်ဖော်ဆောင်ရာ၌ GSTC-D အသုံးပြုသူတို့အတွက် နမူနာများအဖြစ် ဖော်ပြထားခြင်းဖြစ်သည်။

ဤအညွှန်းများကို သတင်းအချက်အလက်အသစ်များ ရရှိသည်နှင့်အမျှ အချိန်အားလျော်စွာ ပြင်ဆင်သွားမည် ဖြစ်သည်။ အညွှန်းအသစ်များ သို့မဟုတ် အခြားတိုးတက်မှုများကို အကြံပြုလိုပါက အကြံပေးချက်များကို ကျေးဇူးပြု၍ destinations@gstcouncil.org သို့ ပေးပို့ စေလိုပါသည်။

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| ***အခန်း (A) ရေရှည်တည်တံ့သည့်ခရီးစဉ်ဒေသစီမံခန့် ခွဲမှုကို လက်တွေ့ လုပ်ဆောင်ခြင်း*** | |
| **A1 ရေရှည်တည်တံ့သည့်ခရီးစဉ်ဒေသမဟာဗျူဟာ**<br><br>ခရီးစဉ်ဒေသကို တည်ထောင်ပြီး ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အရည်အသွေး၊ ကျန်းမာရေးနှင့် လုံခြုံရေးနှင့် ထူးခြား ဖြစ်စဉ်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် အများပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့်ရေးဆွဲသည့် နှစ်ရှည်မဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိနေပြီး အများပြည်သူလူထုသိရှိနိုင်ခြင်းနှင့် စံနှုန်းအတိုင်း အံဝင်ကိုက်ညီခြင်း | IN-A1.a. နှစ်ရှည်ခရီးစဉ်ဒေသမဟာဗျူဟာတွင် ရေရှည်တည်တံ့နိုင်မှုကို အာရုံစိုက်ခြင်းနှင့် ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းပါဝင်စေခြင်းနှင့် ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အရည်အသွေး၊ ကျန်းမာရေးနှင့်လုံခြုံမှုကိစ္စရပ်များပါဝင်ခြင်း<br><br>IN-A1.b. နှစ်ရှည်ခရီးစဉ်ဒေသစီမံကိန်း သို့မဟုတ် မဟာဗျူဟာသည် အများပြည်သူအတွက် အမြဲဖြည့်စွက်ပြင်ဆင်ထားခြင်း<br><br>IN-A1.c. နှစ်ရှည်ခရီးစဉ်ဒေသစီမံကိန်း သို့မဟုတ် မဟာဗျူဟာသည် အများပြည်သူလူထုပါဝင်မှုဖြင့်ဖော်ဆောင်ခြင်း<br><br>IN-A1.d. နှစ်ရှည်ခရီးစဉ်ဒေသစီမံကိန်းနှင့်အကောင်အထည်ဖော်ဆောင်မှုတို့တွင် နိုင်ငံရေးအရအတည်ဖြစ်စေခြင်း |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **A2 ခရီးစဉ်ဒေသစီမံခန့် ခွဲမှုအဖွဲ့**<br><br>ခရီးစဉ်ဒေသတွင် ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းအတွက် ညှိနှိုင်းချဉ်းကပ်မှုဖြင့် တာဂန်ခံယူသည့် ပုဂ္ဂလိကကဏ္ဍနှင့် အများ ပြည်သူလူထုကဏ္ဍပါဂင်သည့် ထိရောက်သည့်အဖွဲ့ အစည်း၊ ဌာန၊ အုပ်စု သို့ မဟုတ် ကော်မီတီရှိခြင်း။ ဤအုပ်စုသည် ခရီးစဉ်ဒေသ၏ အရွယ်အစားနှင့်စံနှုန်းဖြင့် အံဂင်ကိုက်ညီပြီး တာဂန်ဂတ္တရားများ၊ ကြီးကြပ်ကွပ်ကဲမှုနှင့် အကောင်အထည်ဖော်ဆောင်မှုစွမ်းရည်များကို ပတ်ဂန်းကျင်၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များ စီမံခန့် ခွဲရေးအတွက် သတ်မှတ်ထားခြင်း။ ဤအုပ်စု၏လုပ်ငန်းများကို သင့်လျော်သလို ဘဏ္ဍာငွေထောက်ပံ့ထားခြင်း | IN-A2.a. အဖွဲ့ အစည်းသည် ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းစီမံခန့် ခွဲမှုအတွက် ညှိနှိုင်းသည့်နည်းလမ်းဖြင့် တာဂန်ရှိခြင်း<br><br>IN-A2.b. ပုဂ္ဂလိကကဏ္ဍနှင့်အများပြည်သူလူထုက ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းနှင့်ပေါင်းစပ်ညှိနှိုင်းမှုများတွင်ပါဂင်ခြင်း<br><br>IN-A2.c. ခရီးသွားလုပ်ငန်းအဖွဲ့ အစည်း၏ ပမာဏနှင့်အချိုးအစားသည် ခရီးစဉ်ဒေသနှင့်ကိုက်ညီခြင်း<br><br>IN-A2.d. ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းမှ တစ်ဦးချင်းစီသည် ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းအတွက်သတ်မှတ်ထားသည့်တာဂန်ဂတ္တရားများရှိခြင်း<br><br>IN-A2.e. ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းကို သင့်လျော်စွာငွေကြေးထောက်ပံ့ပေးခြင်း |
| **A3 စောင့်ကြည့်လေ့လာခြင်း**<br><br>ခရီးစဉ်ဒေသတွင် ပတ်ဂန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လူ့ အခွင့်အရေးကိစ္စရပ်များအား စောင့်ကြည့်လေ့လာခြင်း၊ အများပြည်သူလူထုသို့ အစီရင်ခံခြင်းနှင့်တုန့် ပြန်သည့်စနစ်ရှိခြင်း။ စောင့်ကြည့်လေ့လာသည့်စနစ်အား အချိန်ကာလ အားလျော်စွာပြန်လည်သုံးသပ်ခြင်း | IN-A3.a. ပတ်ဂန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့်လူ့ အခွင့်အရေးကိစ္စရပ်များကို တက်ကြွစွာစောင့်ကြည့်လေ့လာခြင်းနှင့်အများပြည်သူသို့ အစီရင်ခံခြင်း<br><br>IN-A3.b. စောင့်ကြည့်လေ့လာသည့်စနစ်အား အချိန်နှင့်အမျှပြန်လည်ကြည့်ရှုသုံးသပ်ခြင်း<br><br>IN-A3.c.<br>ခရီးသွားလုပ်ငန်းသက်ရောက်မှုလျော့ပါးရေးနည်းစဉ်များအား ငွေကြေးပံ့ပိုးပေးခြင်းနှင့်လှုပ်ရှားတက်ကြွစေခြင်း |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **A4 ရာသီအလိုက်ခရီးသွားလုပ်ငန်းစီမံခန့် ခွဲမှု**<br>ခရီးစဉ်ဒေသသည် ရာသီအလိုက် ခရီးသွားလုပ်ငန်းပြောင်းလဲနေမှုကို အဆင်ပြေသလို လျော့နည်းစေရန်၊ ဒေသစီးပွားရေးလိုအပ်ချက်များ၊ ရပ်ရွာလူထု၊ ယဉ်ကျေးမှုများနှင့် ပတ်ဝန်းကျင်မျှတစေရန်ဆောင်ရွက်ရာတွင် သဃံဇာတအရင်းအမြစ်များအပေါ် အလေးအနက်ထားခြင်း၊ တစ်နှစ်ပတ်လုံးခရီးသွားလုပ်ငန်းအခွင့်အလမ်းများကိုဖော်ထုတ်ခြင်း | IN-A4.a. ရာသီကုန်ကာလလုပ်ငန်းဈေးကွက်ရှာဖွေရေးနှင့် ညှိသည်များကို နှစ်ပေါက်ဆွဲဆောင်ရန်အတွက် သီးခြား မဟာဗျူဟာ |
| **A5 ရာသီဥတုပြောင်းလဲမှု**<br>ခရီးစဉ်ဒေသတွင် ရာသီဥတုပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ထိခိုက်နိုင်ခြေများနှင့်အခွင့်အလမ်းများကို ဖော်ထုတ်ရန်စနစ်ရှိခြင်း။ ဤစနစ်သည် ဖွံ့ဖြိုးရေး၊ နေရာဒေသသတ်မှတ်ရယူရေး၊ ပုံစံရေးဆွဲ ရေးနှင့်စီမံခန့် ခွဲရေးတို့ အတွက် ရာသီဥတုပြောင်းလဲမှုခံယူမှုမဟာ ဗျူဟာများကိုအားပေးခြင်း။ ဤစနစ်သည် ခရီးစဉ်ဒေသ၏ရေရှည် တည်တံ့နိုင်မှုနှင့်ပြန်လည်ထူထောင်နိုင်မှု၊ ဒေသအတွင်းနေထိုင်သူများနှင့်ခရီးသွားများအတွက် ရာသီဥတုအပေါ် အများပြည်သူလူထုအသိပညာကြွယ်ဝမှုတို့ ကိုအထောက်အကူပြုခြင်း | IN-A5.a. ရာသီဥတုပြောင်းလဲမှုခံယူမှုနှင့် ထိခိုက်နိုင်ခြေ ဆန်းစစ်မှုအတွက်လက်ရှိစနစ်<br>IN-A5.b. ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုလျော့ချသည့်နည်းပညာများကို အားပေးရန် ဥပဒေများ သို့ မဟုတ် မူဝါဒများ<br>IN-A5.c. ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ အများပြည်သူလူထု၊ ခရီးသွားလုပ်ငန်းများနှင့်ညှိသည်များသို့ အသိပညာပေးအစီအစဉ် |
| **A6 ခရီးသွားလုပ်ငန်းရင်းနှီးပိုင်ဆိုင်မှုများနှင့်ဆွဲဆောင်မှုများ**<br>ခရီးစဉ်ဒေသတွင် အများပြည်သူလူထုရရှိနိုင်သည့် နောက်ဆုံးရရှိပိုင်ဆိုင်မှုများနှင့် သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာဒေသများအပါအဝင် ခရီးသွားလုပ်ငန်းရင်းနှီးပိုင်ဆိုင်မှုများနှင့်ဆွဲဆောင်မှုများအပေါ် ဆန်းစစ်ချက်များရှိခြင်း | IN-A6.a.<br>ခရီးသွားလုပ်ငန်း၏ပိုင်ဆိုင်မှုများနှင့်ဆွဲဆောင်မှုများ၏ လက်ရှိရရှိပိုင်ဆိုင်ထားမှု |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **A7 စီမံကိန်းရေးဆွဲရေးလုပ်ထုံးလုပ်နည်းများ**<br><br>ခရီးစဉ်ဒေသတွင် ပတ်ဝန်းကျင်၊ စီးပွားရေးနှင့်လူမှုရေး သက်ရောက်မှုဆန်းစစ်ချက်လိုအပ်ချက်နှင့် ရေရှည်တည်တံ့သည့် မြေအသုံးပြုမှု၊ ပုံစံ၊ ဆောက်လုပ်ခြင်းနှင့်ဖျက်သိမ်းခြင်းတို့ ပါဆက်စပ်ထားသည့် စီမံချက်ရေးဆွဲရေးလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်/သို့ မဟုတ် မူဝါဒများရှိခြင်း။ သဘာဝနှင့်ယဉ်ကျေးမှုသယံဇာတများကို အကာအကွယ်ပေးသည့် လမ်းညွှန်များ၊ စည်းမျဉ်းများ နှင့်/သို့ မဟုတ် မူဝါဒများသည် အများပြည်သူလူထုထံမှ ထည့်ဝင်မှုများဖြင့် ပြုစုခြင်းနှင့် အသေအချာပြန်လည်သုံးသပ်ခြင်းနည်းစဉ်ဖြင့် အများပြည်သူလူထုနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်အသက်ဝင်စေခြင်း | IN-A7.a. သဘာဝနှင့်ယဉ်ကျေးမှုသယံဇာတများကို အကာအကွယ်ပေးသည့်လမ်းညွှန်များ၊ စည်းမျဉ်းများ နှင့်/သို့ မဟုတ် မူဝါဒများကို စီမံချက်ရေးဆွဲခြင်း သို့ မဟုတ် ဇုန်နယ်မြေသတ်မှတ်ခြင်း<br><br>IN-A7.b. ရေရှည်တည်တံ့သည့်မြေအသုံးပြုမှု၊ ပုံစံ၊ ဆောက်လုပ်ခြင်းနှင့်ဖျက်သိမ်းခြင်းတို့ ကို ဖော်ဆောင်သည့်လမ်းညွှန်များ၊ စည်းမျဉ်းများ နှင့်/သို့ မဟုတ် မူဝါဒများ<br><br>IN-A7.c. အများပြည်သူလူထုထံမှ ထည့်ဝင်မှုများဖြင့် စီမံချက်လမ်းညွှန်များ၊ စည်းမျဉ်းများ နှင့်/သို့ မဟုတ် မူဝါဒများကို ပြုစုခြင်းနှင့်အသေအချာပြန်လည်သုံးသပ်ခြင်းနည်းစဉ်<br><br>IN-A7.d. စီမံကိန်းရေးဆွဲသည့်လမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်/သို့ မဟုတ် မူဝါဒများသည် အများပြည်သူလူထုနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းနှင့်အကောင်အထည်ဖော်အသက်ဝင်စေခြင်း |
| **A8 အားလုံးအတွက်လက်လှမ်းမီရရှိစေမှု**<br><br>သင့်လျော်မည်ဆိုပါက သဘာဝနှင့်ယဉ်ကျေးမှုအရေးကြီးနေရာများအပါအဝင် နေရာဒေသများနှင့်ပံ့ပိုးမှုများသို့ အထူးလိုအပ်ချက်ရှိနေသည့် မသန်မစွမ်းသူများနှင့် အခြားသူများအပါအဝင် အားလုံးသွားရောက်နိုင်ခြင်း။ ယင်းနေရာဒေသများနှင့်ပံ့ပိုးမှုများသို့ အလျင်အမြန်သွားရောက်ရန်မဖြစ်နိုင်ပါက သွားရောက်ရန်လိုအပ်သူများအတွက် လည်ပတ်ရန်နေရာနှင့်သင့်လျော်သည့်တည်းခိုရန်နေရာတို့ ပေါင်းစပ်ထားမှုရှိစေရန်ဆောင်ရွက်ထားသည့်ပုံစံနှင့် ဖြေရှင်းပေးနိုင်သည့်အစီအမံများရှိခြင်း | IN-A8.a. သဘာဝနှင့်ယဉ်ကျေးမှုအရေးကြီးနေရာများအပါအဝင် နေရာဒေသများနှင့်ပံ့ပိုးမှုများသို့ သင့်လျော်သည့် အထူးလိုအပ်ချက်ရှိနေသည့်မသန်မစွမ်းသူများနှင့်အခြားသူများကိုယ်စီသွားရောက်နိုင်ရန်ပံ့ပိုးပေးသည့်မူဝါဒများ<br><br>IN-A8.b. မသန်မစွမ်းသူများအတွက် သင့်လျော်သည့်တည်းခိုရန်နေရာသည် လည်ပတ်ရန်နေရာနှင့် ပေါင်းစပ်ထားမှုရှိစေရန်အဆင်သင့်ပြုလုပ်ထားသည့်အစီအမံရှိခြင်း |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
| --- | --- |
| **A9 ပိုင်ဆိုင်မှုရယူခြင်း**<br>ပိုင်ဆိုင်မှုရယူခြင်းနှင့်ပတ်သက်သည့် တည်ဆဲဥပဒေများနှင့် နည်းဥပဒေလုပ်ထုံးလုပ်နည်းများကို ရပ်ရွာလူထုနှင့် ဌာနေ တိုင်းရင်းသားတို့၏ ရပိုင်ခွင့်များကိုလိုက်နာခြင်းဖြင့်စိုးမိုး စေခြင်း၊ အများပြည်သူလူထု၏အကြံပြုဆွေးနွေးမှုများကို သေချာစေခြင်းနှင့် လျော်ကြေးပေးမှုရှိစေရန်ကြိုတင်အသိပေးခြင်း နှင့်/သို့ မဟုတ် လက်ခံလောက်သည့်လျော်ကြေးပေးခြင်းတို့ မပြုလုပ်ဘဲ ပြန်လည်နေရာချထားပေးခြင်းမပြုခြင်း | IN-A9.a. တရားဥပဒေစိုးမိုးရေးပြဌာန်းချက်များအပါအဝင် မူဂါဒ သို့ မဟုတ် ဥပဒေပြုအဖွဲ့ အစည်းရှိခြင်း<br>IN-A9.b. လျော်နပ်နစ်သိမ့်ရန် နှင့်/သို့ မဟုတ် လက်ခံနိုင် သည့်လျော်ကြေးအလို့ ငှာ ဌာနေတိုင်းရင်းသားတို့ ၏အခွင့် အရေးများကိုထည့်သွင်းစဉ်းစားသည့်၊ အများပြည်သူလူထု၏ အကြံပြုဆွေးနွေးမှုကို အလေးထားသည့်၊ ပြန်လည်နေရာချ ထားမှုအခွင့်အာဏာရှိသည့် မူဂါဒ သို့ မဟုတ် ဥပဒေပြုအဖွဲ့ အစည်း |
| **A10 ဧည့်သည်ကျေနပ်မှု**<br>ခရီးစဉ်ဒေသတွင် ဧည့်သည်ကျေနပ်မှုနှင့် လိုအပ်ပါက ဧည့်သည်ကျေနပ်မှုကို တိုးတက်စေမည့် ဆောင်ရွက်မှုများကို အများပြည်သူလူထုသို့ အစီရင်ခံသည့်စနစ်ရှိခြင်း | IN-A10.a. ဧည့်သည်ကျေနပ်မှုအချက်အလက်များကို စုဆောင်းရယူခြင်းနှင့်အများပြည်သူလူထုသို့ ထုတ်ပြန်ခြင်း<br>IN-A10.b. သတင်းအချက်အလက်စောင့်ကြည့်လေ့လာမှုအပေါ် အခြေခံ ၍ ဧည့်သည်ကျေနပ်မှုတိုးတက်လာစေရန်ဆောင်ရွက်ပေး သည့် စနစ် |
| **A11 ရေရှည်တည်တံ့နိုင်မှုစံအဆင့်အတန်းများ**<br>ခရီးစဉ်ဒေသသည် GSTC စံသတ်မှတ်ချက်များနှင့်ညီညွတ် သည့်လုပ်ငန်းများအတွက် ရေရှည်တည်တံ့သည့်အဆင့် အတန်းများကို အဆင့်မြှင့်တင်ပေးသည့်စနစ်ရှိခြင်း။ ခရီးစဉ်ဒေသသည် ရေရှည်တည်တံ့နိုင်မှုလက်မှတ်ရ သို့ မ ဟုတ် စိစစ်ပြီးလုပ်ငန်းများစာရင်းကို အများပြည်သူလူထုရယူ နိုင်ရန်ဆောင်ရွက်ခြင်း | IN-A11.a. လုပ်ငန်းအထောက်အကူပြု ရေရှည်တည်တံ့ သည့် ခရီးသွားလုပ်ငန်းလက်မှတ်စနစ် သို့ မဟုတ် ပတ်ဝန်း ကျင်စီမံခန့် ခွဲမှု စနစ်<br>IN-A11.b. GSTC အသိအမှတ်ပြု ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းလက်မှတ်စနစ် သို့ မဟုတ် ပတ်ဝန်းကျင် စီမံခန့် ခွဲမှုစနစ်<br>IN-A11.c. ခရီးသွားလုပ်ငန်းလက်မှတ်စနစ် သို့ မဟုတ် ပတ် ဝန်းကျင်စီမံခန့် ခွဲမှုစနစ်တွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ များပါဝင်မှုကိုစောင့်ကြည့်လေ့လာခြင်း<br>IN-A11.d. ရေရှည်တည်တံ့မည့်လက်မှတ်ရ သို့ မဟုတ် စိ စစ်ပြီး လုပ်ငန်းများစာရင်းကို အများပြည်သူလူထု သိရှိရယူ နိုင်ခြင်း |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| A12 လုံခြုံမှုနှင့်လုံခြုံရေး<br><br>ခရီးစဉ်ဒေသတွင် ရာဇဝတ်မှု၊ လုံခြုံမှုနှင့် ကျန်းမာရေး အန္တရာယ်များကို စောင့်ကြည့်လေ့လာရန်၊ ကာကွယ်ရန်၊ အများပြည်သူလူထုသို့ အစီရင်ခံရန်နှင့်တုန့်ပြန်ရန် စနစ်ရှိခြင်း | IN-A12.a. ခရီးသွားလုပ်ငန်းနေရာဌာနများအတွက် မီးဘေး၊ အစားအစာသန့်ရှင်းမှုနှင့် လျှပ်စစ်အန္တရာယ်လုံခြုံရေးတို့အတွက် ဆောင်ရွက်နေသည့် မလုပ်မဖြစ်စစ်ဆေးခြင်း<br><br>IN-A12.b. ကမ်းခြေများ/ခရီးသွားဆွဲဆောင်သည့်နေရာများတွင် အရေးပေါ်ကုသမှုကဲ့သို့ အန္တရာယ်လုံခြုံရေး ကြိုတင်သတိပေးချက်များ<br><br>IN-A12.c. ရာဇဝတ်မှုခင်းကို ကာကွယ်ရန်နှင့် တုန့်ပြန်ရန် စနစ်<br><br>IN-A12.d. ခရီးသည်ပင်ပေါက်များတွင် ရှင်းလင်းသည့်ဈေးနှုန်းနှင့်အငှားယာဉ်ကောင်တာထားရှိသည့် အငှားယာဉ်စနစ်<br><br>IN-A12.e. လုံခြုံမှုနှင့်လုံခြုံရေးအတွက် အများပြည်သူလူထုသို့ အကြောင်းကြားရေး |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
| --- | --- |
| **A13 ပြဿနာများနှင့်အရေးပေါ် စီမံခန့် ခွဲမှု**<br><br>ခရီးစဉ်ဒေသတွင် ယင်းနှင့်သင့်လျော်သည့် ပြဿနာများနှင့် အရေးပေါ် တုန့် ပြန်ဆောင်ရွက်မှုအစီအမံရှိခြင်း။ အရေးကြီးအချက်များမှာ ဒေသအတွင်းနေထိုင်သူများ၊ ဧည့်သည်များနှင့်လုပ်ငန်းများဆက်သွယ်မှုရှိခြင်း။ စီမံချက်သည် ဆောင်ရွက်မှုအစီအမံများနှင့် သယံဇာတ အရင်းအမြစ်များနှင့် ဂန်ထမ်းများ၊ ဧည့်သည်များနှင့် ဒေသအတွင်းနေထိုင်သူများ လေ့ကျင့်ရေးအတွက် အထောက်အကူပြုစေခြင်းနှင့်ပုံမှန်ဖြည့်စွက်ပြင်ဆင်ခြင်း။ | IN-A13.a. ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အများပြည်သူ လူထုသိရှိနိုင်သည့်ပြဿနာများနှင့်အရေးပေါ် တုန့် ပြန် ဆောင်ရွက်မှုအစီအမံ<br><br>IN-A13.b. ပြဿနာများနှင့် အရေးပေါ် တုန့် ပြန် ဆောင်ရွက် မှုအစီအမံကို အကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာရေး နှင့်လူ့ စွမ်းအားရှိခြင်း<br><br>IN-A13.c. ပြဿနာများနှင့် အရေးပေါ် တုန့် ပြန်ဆောင်ရွက် မှုအစီအမံ၌ ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍအတွေ့ အကြုံ များဖြင့် ထည့်သွင်းရေးဆွဲခြင်းနှင့် ပြဿနာများနှင့် အရေး ပေါ် အခြေအနေကာလအတွင်းနှင့်ပြီးဆုံးပြီးနောက် ဆက် သွယ်မှုများကိုထည့်သွင်းထားခြင်း<br><br>IN-A13.d. ပြဿနာများနှင့် အရေးပေါ် တုန့် ပြန်ဆောင်ရွက် မှုအစီအမံသည် သယံဇာတရင်းမြစ်များနှင့် ဂန်ထမ်းများ၊ ဧည့်သည်များနှင့် ဒေသအတွင်းနေထိုင်သူများ လေ့ကျင့်ရေး အတွက်အထောက်အကူပြုစေခြင်း<br><br>IN-A13.e. ပြဿနာများနှင့် အရေးပေါ် တုန့် ပြန် ဆောင်ရွက် မှုအစီအမံကို ပုံမှန်ဖြည့်စွက်ပြင်ဆင်ခြင်း |
| **A14 မြှင့်တင်ခြင်း**<br><br>ခရီးစဉ်ဒေသနှင့် ယင်း၏ထုတ်လုပ်မှုများ၊ ဂန်ဆောင်မှုများနှင့် ရေရှည်တည်တံ့နိုင်မှုများကို မြှင့်တင်ရာ၌ တိကျမှုရှိခြင်း။ မြှင့်တင်ရေးအကြောင်းအရာများသည် ဒေသရပ်ရွာလူထုများ နှင့်ဧည့်သည်များကို အမှန်အကန်နှင့် လေးစားမှုဖြင့် ဆက်ဆံ ခြင်း | IN-A14.a. ခရီးစဉ်ဒေသမြှင့်တင်ခြင်းအကြောင်းအရာသည် ဒေသရပ်ရွာလူထုများနှင့်ဧည့်သည်များကို အမှန်အကန်နှင့် လေးစားမှုဖြင့်ကိုယ်စားပြုခြင်း<br><br>IN-A14.b. ခရီးစဉ်ဒေသမြှင့်တင်ခြင်းအကြောင်းအရာသည် ထုတ်လုပ်မှုများနှင့်ဂန်ဆောင်မှုများကိုဖော်ပြရာ၌ တိကျစေ ခြင်း |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| ***အခန်း (B) ဒေသခံရပ်ရွာလူထုအတွက် စီးပွားရေးအကျိုးအမြတ်များ အများဆုံးရရှိစေခြင်းနှင့် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများအနည်းဆုံးလျော့ကျစေခြင်း*** | |
| B1 စီးပွားရေးစောင့်ကြည့်လေ့လာမှု<br><br>ခရီးစဉ်ဒေသ၏စီးပွားရေးကို ခရီးသွားလုပ်ငန်း၏ တိုက်ရိုက်နှင့်သွယ်ဝိုက်အကျိုးပြုမှုကို စောင့်ကြည့်လေ့လာခြင်းနှင့် အများပြည်သူလူထုသို့ အနည်းဆုံးနှစ်စဉ်အစီရင်ခံခြင်း။ ဖြစ်နိုင်ခြေရှိစေရန် ဤတွင် ဧည့်သည်များ၏အသုံးစရိတ်၊ တည်းခိုမှုအခန်းလိုက်ရရှိသည့်ဝင်ငွေ၊ အလုပ်အကိုင်ရရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုအချက်အလက်များပါဝင်သင့်သည် | IN-B1.a. ဧည့်သည်များ၏အသုံးစရိတ်အချက်အလက်၊ တည်းခိုမှုအခန်းလိုက်ရရှိသည့်ဝင်ငွေ၊ အလုပ်အကိုင်ရရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုအချက်အလက်များကို ပုံမှန်စောင့်ကြည့်လေ့လာခြင်းနှင့်အစီရင်ခံခြင်း<br><br>IN-B1.b. ခရီးသွားလုပ်ငန်း၏အနည်းဆုံး နှစ်စဉ်တိုက်ရိုက်နှင့်သွယ်ဝိုက်အကျိုးပြုမှုကို ပုံမှန်စောင့်ကြည့်လေ့လာခြင်းနှင့်အစီရင်ခံခြင်း<br><br>IN-B1.c. ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အလုပ်အကိုင်ရရှိမှုအချက်အလက်များ၊ ကျား၊မနှင့် အသက်အရွယ်အုပ်စုလိုက်ခွဲခြားထားမှုတို့ ကို အနည်းဆုံး နှစ်စဉ် စာရင်းကောက်ယူခြင်းနှင့်အများပြည်သူလူထုသို့ အစီရင်ခံခြင်း |
| B2 ဒေသအလုပ်အကိုင်အခွင့်အလမ်းများ<br><br>ခရီးစဉ်ဒေသ၏လုပ်ငန်းများသည် အားလုံးအတွက် အလုပ်အကိုင်ရရှိမှု၊ သင်တန်းအခွင့်အလမ်းများ၊ အလုပ်အကိုင်လုံခြုံမှုနှင့်မျှတသည့်လုပ်အားခပေးအပ်ခြင်း။ | IN-B2.a. အမျိုးသမီးများ၊ လူငယ်များ၊ မသန်မစွမ်းသူများ၊ လူနည်းစုများနှင့် အခြားအင်အားနည်းလူမျိုးစုများ အပါအဝင် အားလုံးအတွက် ညီမျှသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရန် အထောက်အကူပြုသည့် ဥပဒေပြုအဖွဲ့ သို့ မဟုတ် မူဝါဒများ<br><br>IN-B2.b. အမျိုးသမီးများ၊ လူငယ်များ၊ မသန်မစွမ်းသူများ၊ လူနည်းစုများနှင့် အခြားအင်အားနည်းလူမျိုးစုများ အပါအဝင် အားလုံးပါဝင်နိုင်သည့်သင်တန်းအစီအစဉ်များ<br><br>IN-B2.c. အားလုံးအတွက်အလုပ်အကိုင်လုံခြုံမှုကို အထောက်အကူပြုသည့် ဥပဒေပြုအဖွဲ့ သို့ မဟုတ် မူဝါဒများ<br><br>IN-B2.d. အမျိုးသမီးများ၊ လူငယ်များ၊ မသန်မစွမ်းသူများ၊ လူနည်းစုများနှင့်အခြားအင်အားနည်းလူမျိုးစုများအပါအဝင် အားလုံးအတွက် သင့်လျော်သည့်လုပ်အားခများရရန် အထောက်အကူပြုသည့် ဥပဒေပြုအဖွဲ့ သို့ မဟုတ် မူဝါဒများ |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **B3 လူထုပူးပေါင်းပါဝင်မှု**<br>ခရီးစဉ်ဒေသတွင် ပုံမှန်ခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများပြည်သူလူထုပူးပေါင်းပါဝင်မှုကိုအားပေးသည့်စနစ်ရှိခြင်း | IN-B3.a. ခရီးစဉ်ဒေသစီမံခန့်ခွဲမှုစီမံချက်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဒေသလူထုအစုအဖွဲ့ တို့ ပါဝင်သည့်စနစ်<br>IN-B3.b. ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကိစ္စရပ်များကို နှစ်စဉ် အများပြည်သူလူထုအစည်းအဝေးများပြုလုပ်ခြင်း |
| **B4 ဒေသလူထုအမြင်**<br>ခရီးစဉ်ဒေသစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဒေသရပ်ရွာလူထုများ၏ဖြစ်စေလိုမှုများ၊ စိုးရိမ်မှုများနှင့် ကျေနပ်မှုကို ပုံမှန်စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့်  အများပြည်သူလူထုသို့ အချိန်နှင့်အမျှအစီရင်ခံခြင်း | IN-B4.a. ခရီးစဉ်ဒေသစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဒေသအတွင်းနေထိုင်သူများ၏ဖြစ်စေလိုမှုများ၊ စိုးရိမ်မှုများနှင့် ကျေနပ်မှုအပေါ် ပုံမှန်ကောက်ယူခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့်အများပြည်သူလူထုသို့ အစီရင်ခံခြင်း<br>IN-B4.b. သတင်းအချက်အလက်များကောက်ယူခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် အများပြည်သူလူထုသို့ အစီရင်ခံခြင်းကိုအချိန်နှင့်အမျှဆောင်ရွက်ခြင်း |
| **B5 ဒေသသွားလာရေး**<br>ခရီးစဉ်ဒေသသည် လိုအပ်ပါက သဘာဝနှင့် ယဉ်ကျေးမှုနေရာဒေသများသို့ ဒေသရပ်ရွာလူထုသွားရောက်မှုကို ပြန်လည်ထူထောင်ရန် သို့ မဟုတ် ပြန်လည်တည်ဆောက်ရန် စောင့်ကြည့်လေ့လာခြင်း၊ ကာကွယ်ခြင်း | IN-B5.a. ဒေသခံနှင့်ပြည်တွင်းဧည့်သည်များ သဘာဝနှင့် ယဉ်ကျေးမှုနေရာများသို့ အများပြည်သူလူထုသွားရောက်မှုအပေါ် စောင့်ကြည့်လေ့လာခြင်း၊ ကာကွယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သို့ မဟုတ် ပြန်လည်တည်ဆောက်ခြင်း အစီအစဉ်များ<br>IN-B5.b. ဒေသခံ၊ ပြည်တွင်းနှင့် နိုင်ငံတကာဧည့်သည်များ ခရီးသွားနေရာများနှင့်ဆွဲဆောင်မှုများသို့ သွားရောက်သည့် အမူအကျင့်နှင့်စရိုက်လက္ခဏာများကိုစောင့်ကြည့်လေ့လာခြင်း |
| **B6 ခရီးသွားလုပ်ငန်းအသိပညာပေးရေး**<br>ခရီးစဉ်ဒေသသည် ခရီးသွားလုပ်ငန်း၏အခွင့်အလမ်းများနှင့် စိတ်ခေါ်မှုများနှင့် ရေရှည်တည်တံ့နိုင်မှုအရေးပါမှုကို နားလည်ရန် သက်ဆိုင်သည့်ရပ်ရွာလူထုများကို အားပေးသည့်ပုံမှန်အစီအစဉ်များကိုပံ့ပိုးပေးခြင်း | IN-B6.a.<br>ခရီးသွားလုပ်ငန်း၏အခန်းကဏ္ဍနှင့်အကျိုးပြုမှုအလားအလာအပေါ် အသိပညာပေးရေးအစီအစဉ်ကို ဒေသလူထုအစုအဖွဲ့များ၊ စာသင်ကျောင်းများနှင့် အဆင့်မြင့်ပညာတက္ကသိုလ်များ တွင်ပြုလုပ်ခြင်း |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **B7 အမြတ်ထုတ်လွန်ကျူးမှုကို ကာကွယ်ခြင်း**<br><br>ခရီးစဉ်ဒေသတွင် စီးပွားဖြစ်၊ လိင်မှုကိစ္စ သို့ မဟုတ် မည်သည့်လွန်ကျူးမှုနှင့် မည်သူ့ ကိုမဆို အထူးသဖြင့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်ရွယ်များ၊ အမျိုးသမီးများနှင့် အရွယ်မရောက်သေးသူများအား နှောင့်ယှက်မှုကို ကာကွယ်ပေးသည့် ဥပဒေများနှင့်လုပ်ထုံးလုပ်နည်းစဥ်များရှိခြင်း။ ဥပဒေများနှင့် တည်ရှိပြီးလုပ်ထုံးလုပ်နည်းစဥ်များကို အများပြည်သူလူထုနှင့်ဆက်သွယ်ထားခြင်း | IN-B7.a. ဒေသအတွင်းနေထိုင်သူများ သို့ မဟုတ် ဧည့်သည်များကိုစီးပွားဖြစ်၊ လိင်မှုကိစ္စ သို့ မဟုတ် မည်သည့်အမြတ်ထုတ်လွန်ကျူးမှု၊ ခွဲခြားဆက်ဆံမှု သို့ မဟုတ် အနှောင့်အရှက်ပေးမှုမျိုးကိုမဆို အကာအကွယ်ပေးသည့် ဥပဒေများနှင့်အစီအစဉ်<br><br>IN-B7.b. ဥပဒေများနှင့်အစီအစဉ်ကို အများပြည်သူလူထုနှင့် ဆက်သွယ်ထားခြင်း |
| **B8 ရပ်ရွာလူထုအတွက်အားပေးထောက်ပံ့မှု**<br><br>ခရီးစဉ်ဒေသတွင် ရပ်ရွာလူထုနှင့်ရေရှည်တည်တံ့နိုင်မှု အကျိုးပြုလုပ်ငန်းများကို ပံ့ပိုးရန်အတွက် လုပ်ငန်းများ၊ ဧည့်သည်များနှင့် အများပြည်သူလူထုကို အားပေးနိုင်သည့်စနစ်ရှိခြင်း | IN-B8.a. လုပ်ငန်းများ၊ ဧည့်သည်များနှင့် အများပြည်သူလူထုအတွက် ဒေသလူထုအစုအဖွဲ့ နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလှုပ်ရှားမှုများနှင့်/သို့ မဟုတ် အခြေခံအဆောက်အအုံဖွံ့ ဖြိုးရေးသို့ လှူဒါန်းသည့်အစီအစဉ်များ |
| **B9 ဒေသလုပ်ငန်းများကို အားပေးခြင်းနှင့် မျှတသည့်ကုန်သွယ်မှု**<br><br>ခရီးစဉ်ဒေသတွင် ဒေသနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အထောက်အကူပြုခြင်းနှင့် နေရာဒေသ၏သဘာဂနှင့်ယဉ်ကျေးမှုအပေါ် မူတည်ပြီး ဒေသရေရှည်တည်တံ့သည့် ထုတ်ကုန်များနှင့် မျှတသည့်ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများကို မြှင့်တင်စေခြင်းနှင့် ဖွံ့ ဖြိုးစေခြင်းစနစ်ရှိခြင်း။ အစားအစာနှင့်အဖျော်ယမကာများ၊ လက်မှုပစ္စည်းများ၊ အနုသုခမများ၊ လယ်ယာထွက်ကုန်များ စသည်ဖြင့် | IN-B9.a. ဒေသနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အထောက်အကူပြုခြင်းအစီအစဉ်<br><br>IN-B9.b. ထုတ်ကုန်များနှင့်ဂန်ဆောင်မှုများကို ဒေသအတွင်းမှာပင်ဂယ်ယူနိုင်ရန်အားပေးသည့်အစီအစဉ်<br><br>IN-B9.c. ဒေသသဘာဂနှင့်ယဉ်ကျေးမှုအပေါ်အခြေခံ၍ ရေရှည်တည်တံ့သည့်ဒေသထုတ်ကုန်များကို အဆင့်မြှင့်တင်ခြင်းနှင့်ဖွံ့ ဖြိုးစေခြင်းအစီအစဉ်<br><br>IN-B9.d. ခရီးသွားလုပ်ငန်းတန်ဘိုးကွင်းဆက်အတွင်းရှိ ဒေသတစ်ပိုင်တစ်နိုင်များ၊ လက်ယာစိုက်ပျိုးမွေးမြူသူများနှင့် ပံ့ပိုးသူများပါဂင်သည့်အစီအစဉ် |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| ***အခန်း (C) ဒေသခံရပ်ရွာလူထုအစုအဖွဲ့ များ၊ ဧည့်သည်များနှင့် ယဉ်ကျေးမှုအတွက် အကျိုးအမြတ်များ အများဆုံးရရှိစေခြင်းနှင့် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများအနည်းဆုံးလျော့ကျစေခြင်း*** | |
| **C1 ဆွဲဆောင်မှုကာကွယ်ထိန်းသိမ်းခြင်း**<br><br>ခရီးစဉ်ဒေသတွင် (သမိုင်းဝင်နှင့်ရှေးဟောင်း)အမွေအနှစ်များ အပါအဝင် သဘာဝနှင့်ယဉ်ကျေးမှုနေရာဒေသများနှင့် ကျေးလက်နှင့်မြို့ ပြရှုမျှော်ခင်းများကို သုံးသပ်ရန်၊ ပြန်လည်တည်ဆောက်ရန်နှင့်ထိန်းသိမ်းရန်အတွက်မူဝါဒနှင့်စနစ်ရှိခြင်း | IN-C1.a. အမွေအနှစ်တည်ဆောက်ခြင်းနှင့်ကျေးလက်နှင့်မြို့ပြရှုခင်းများအပါအဝင်သဘာဝနှင့်ယဉ်ကျေးမှုနေရာများကို ကာကွယ်သည့်စီမံခန့် ခွဲမှုစနစ်<br><br>IN-C1.b.<br>ခရီးသွားနေရာများနှင့်ဆွဲဆောင်မှုများအပေါ် ကျရောက်သည့် ခရီးသွားလုပ်ငန်း၏သက်ရောက်မှုများကိုစောင့်ကြည့်လေ့လာသည့်၊ တိုင်းတာသည့်၊ လျော့ပါးစေသည့်စီမံခန့် ခွဲမှုစနစ် |
| **C2 ဧည့်သည်စီမံခန့် ခွဲမှု**<br><br>ခရီးစဉ်ဒေသတွင် ဆွဲဆောင်မှုနေရာဒေသများအတွက် သဘာဝနှင့်ယဉ်ကျေးမှုအရင်းအမြစ်များကို ထိန်းသိမ်း၊ ကာကွယ်၊ အားပေးရန် ဆောင်ရွက်မှုများပါဝင်သည့် ဧည့်သည်စီမံခန့် ခွဲမှုစနစ်ရှိခြင်း | IN-C2.a. ဧည့်သည်စီမံခန့် ခွဲမှုစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ခံယူသည့်အုပ်ချုပ်မှုယန္တရား |
| **C3 ဧည့်သည်စရိုက်**<br><br>ခရီးစဉ်ဒေသတွင် ထိရှလွယ်နေရာဒေသများရှိ သင့်လျော်သည့်ဧည့်သည်အမူအကျင့်အတွက် လမ်းညွှန်များထုတ်ပြန်ထားခြင်းနှင့်ပံ့ပိုးထားခြင်း။ ယင်းလမ်းညွှန်များသည်  ထိရှလွယ်နေရာဒေသများပေါ် သို့ သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန်နှင့် အကောင်းလက္ခဏာဆောင်သည့် ဧည့်သည်အမူအကျင့်များကိုအားပေးရန်ပြုစုထားခြင်း | IN-C3.a. ထိရှလွယ်နေရာဒေသများရှိ ဧည့်သည်များ၏အမူအကျင့်အတွက်ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာလမ်းညွှန်များ<br><br>IN-C3.b. ဧည့်လမ်းညွှန်များနှင့်ခရီးသွားလုပ်ငန်းများအတွက် လိုက်နာရမည့်ကျင့်စဉ်များ |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **C4 ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ခြင်း**<br><br>ခရီးစဉ်ဒေသတွင် သမိုင်းဝင်နှင့် ရှေးဟောင်းအသုံးအဆောင်များကို သင့်လျော်သလိုရောင်းချခြင်း၊ ကုန်သွယ်ခြင်း၊ ပြသခြင်း သို့ မဟုတ် လက်ဆောင်ပေးခြင်းတို့ အပေါ် ထိန်းချုပ်သည့်ဥပဒေများရှိခြင်း | IN-C4.a. ရေအောက်နှင့် တည်ရှိခဲ့ကြောင်းသက်သေအထောက်အထားအပါအဝင်သမိုင်းဝင်နှင့်ရှေးဟောင်းအသုံးအဆောင်များကိုအကာအကွယ်ပေးသည့် ဥပဒေများနှင့်နည်းဥပဒေလုပ်ထုံးလုပ်နည်းများ<br><br>IN-C4.b. တိုင်းတာ၍မရနိုင်သည့်ယဉ်ကျေးမှုအမွေအနှစ်များကိုအကာအကွယ်ပေးခြင်းနှင့်ပြုလုပ်ပေးသည့်အစီအစဉ် (ဥပမာ တေးသီ ချင်း၊ ဂီတ၊ ပြဇာတ်စွမ်းရည်နှင့် အနုလက်ရာများပါဝင်သည်) |
| **C5 ခရီးသွားနေရာဒေသရှင်းလင်းဖော်ပြခြင်း**<br><br>တိကျသည့်သတင်းအချက်အလက်များကို သဘာဝနှင့် ယဉ်ကျေးမှုနေရာဒေသများတွင်ထားရှိခြင်း။ သတင်းအချက်အလက်များသည် ယဉ်ကျေးမှုအရ လျော်ကန်မှုရှိခြင်း၊ ရပ်ရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဧည့်သည်များကို ဆီလျော်သောဘာသာစကားဖြင့် ဆက်သွယ်ပေးခြင်း | IN-C5.a. ဧည့်သည်များသိရှိနိုင်သည့် ရှင်းလင်းဖော်ပြထားသည့်သတင်းအချက်အလက်များကို ခရီးသွားရုံးများနှင့် သဘာဝနှင့်ယဉ်ကျေးမှုနေရာများတွင်ထားရှိခြင်း<br><br>IN-C5.b. ရှင်းလင်းဖော်ပြထားသည့်သတင်းအချက်အလက်များသည် ယဉ်ကျေးမှုအရသင့်လျော်ခြင်း<br><br>IN-C5.c. ရှင်းလင်းဖော်ပြထားသည့်သတင်းအချက်အလက်များကိုဒေသလူထုနှင့်ပူးပေါင်းဆောင်ရွက်ထားခြင်း<br><br>IN-C5.d. ရှင်းလင်းဖော်ပြထားသည့်သတင်းအချက်အလက်များကိုဆီလျော်သောဘာသာစကားဖြင့်ဖော်ပြထားခြင်း<br><br>IN-C5.e. ရှင်းလင်းဖော်ပြထားသည့်သတင်းအချက်အလက်များကိုအသုံးပြု၍ဧည့်လမ်းညွှန်သင်တန်းပို့ ချခြင်း |
| **C6 ဉာဏ်ရည်ဉာဏ်သွေးပိုင်ဆိုင်မှု**<br><br>ခရီးစဉ်ဒေသတွင် ရပ်ရွာလူထုအစုအဖွဲ့ များနှင့် တစ်ဦးချင်းစီများအတွက် ဉာဏ်ရည်ဉာဏ်သွေးပိုင်ဆိုင်မှုရပိုင်ခွင့်ကို ကာကွယ်ပေးရန်နှင့် ထိန်းသိမ်းပေးရန် အထောက်အပံ့ပေးသည့် စနစ်ရှိခြင်း | IN-C6.a. ဥပဒေများ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ သို့ မဟုတ် အစီအစဉ်များက ရပ်ရွာလူထုအစုအဖွဲ့ များနှင့် တစ်ဦးချင်းစီများအတွက် ဉာဏ်ရည်ဉာဏ်သွေးပိုင်ဆိုင်မှုရပိုင်ခွင့်ကို ကာကွယ်ပေးရန် |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| ***အခန်း (D) ပတ်ဝန်းကျင်အတွက် အကျိုးအမြတ်များ အများဆုံးရရှိစေခြင်းနှင့် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများအနည်းဆုံးလျော့ကျစေခြင်း*** | |
| **D1 ပတ်ဝန်းကျင်ထိခိုက်နိုင်ခြေများ**<br>ခရီးစဉ်ဒေသ၌ ပတ်ဝန်းကျင်ထိခိုက်နိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ထားခြင်းနှင့် ယင်းတို့ ကိုဖော်ညွှန်းသည့်စနစ်ရှိခြင်း | IN-D1.a. ပတ်ဝန်းကျင်ထိခိုက်နိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ထားသည့် ပြီးခဲ့သည့်ငါးနှစ်အတွင်း ခရီးစဉ်ဒေသ၏ ရေရှည်တည်တံ့မှုဖြစ်နိုင်ခြေဆန်းစစ်မှု<br>IN-D1.b. ဖော်ထုတ်သတ်မှတ်ထားသည့်ထိခိုက်နိုင်ခြေများကိုဖော်ညွှန်းသည့်စနစ် |
| **D2 ထိရှလွယ်ပတ်ဝန်းကျင်ကိုအကာအကွယ်ပေးခြင်း**<br>ခရီးစဉ်ဒေသတွင် ခရီးသွားလုပ်ငန်း၏ပတ်ဝန်းကျင်သက်ရောက်မှုကို စောင့်ကြည့်လေ့လာရန်၊ နေရင်းဒေသ၊ မျိုးစိတ်များနှင့်ဂေဟစနစ်များကိုထိန်းသိမ်းရန်နှင့် ချဉ်းနင်းဝင်ရောက်လာသည့်မျိုးစိတ်များကိုကာကွယ်ရန်စနစ်ရှိခြင်း။ | IN-D2.a. ထိရှလွယ်ပြီး ခြိမ်းခြောက်ခံနေရသည့် တောရိုင်းတိရစ္ဆာန်များနှင့်နေရင်းဒေသများ၏ ထိန်းသိမ်းထားသည့်၊ ဖြည့်စွက်ပြင်ဆင်ထားသည့်ရရှိပိုင်ဆိုင်မှု<br>IN-D2.b. ဂေဟစနစ်များ၊ ထိရှလွယ်ပတ်ဝန်းကျင်များနှင့် မျိုးစိတ်များသို့ ကျရောက်သည့် သက်ရောက်မှုများနှင့် ကာကွယ်မှုများကိုစောင့်ကြည့်လေ့လာသည့်စီမံခန့် ခွဲမှုစနစ်<br>IN-D2.c. ချဉ်းနင်းဝင်ရောက်လာသည့်မျိုးစိတ်များကို ကာကွယ်သည့်စနစ် |
| **D3 သားငှက်တိရစ္ဆာန်ကာကွယ်ခြင်း**<br>ခရီးစဉ်ဒေသတွင် တောရိုင်းတိရစ္ဆာန်များ(သစ်ပင်များနှင့်တိရစ္ဆာန်များအပါအဝင်)ထုတ်ယူခြင်း သို့ မဟုတ် ဖမ်းဆီးခြင်း၊ ပြသခြင်း၊ ရောင်းချခြင်းအတွက် ဒေသ၊ နိုင်ငံနှင့် နိုင်ငံတကာဥပဒေများနှင့်စံအဆင့်အတန်းများကို လိုက်နာသည့်စနစ်ရှိခြင်း | IN-D3.a. မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များနိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း(CITES)<br>IN-D3.b. သစ်ပင်များနှင့်တိရစ္ဆာန်များကိုထုတ်ယူခြင်း သို့ မဟုတ် ဖမ်းဆီးခြင်း၊ ပြသခြင်း၊ ရောင်းချခြင်းအတွက် လုပ်ထုံးလုပ်နည်းများနှင့်စံအဆင့်အတန်းများ |
| **D4 ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခြင်းများ**<br>ခရီးစဉ်ဒေသတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို တိုင်းတာခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လျော့နည်းစေခြင်းနှင့် အများပြည်သူလူထုသို့ ထုတ်ပြန်ခြင်းနှင့်အမျိုးမျိုးသောလုပ်ငန်းများဆောင်ရွက်မှုကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများလျော့နည်းစေသည့်စနစ်ရှိခြင်း | IN-D4.a. ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို တိုင်းတာခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လျော့နည်းစေခြင်းနှင့် အများပြည်သူလူထုသို့ ထုတ်ပြန်ခြင်းတို့ တွင် အကူအညီပေးသည့် အစီအစဉ်<br>IN-D4.b. ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများလျော့နည်းစေရန်လုပ်ငန်းများကိုအကူအညီပေးသည့်စနစ် |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **D5 စွမ်းအင်ထိန်းသိမ်းရေး**<br><br>ခရီးစဉ်ဒေသတွင် စွမ်းအင်အသုံးပြုမှုကို တိုင်းတာခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လျှော့ချခြင်းနှင့်အများပြည်သူလူထုသို့ အစီရင်ခံခြင်းနှင့် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုနေမှုကို လျှော့ချစေသည့်စနစ်ရှိခြင်း | IN-D5.a. စွမ်းအင်ထိန်းသိမ်းရေးတိုးမြှင့်ရန်နှင့်စွမ်းအင်အသုံးပြုမှုကိုတိုင်းတာခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လျှော့ချခြင်းနှင့်အများပြည်သူလူထုအစီရင်ခံခြင်းအစီအစဉ်<br><br>IN-D5.b. ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုနေမှုကိုလျှော့ချစေပြီး စွမ်းအင်ထိရောက်မှုကိုတိုးတက်စေခြင်းနှင့်ပြန်ပြည့်မြဲစွမ်းအင်နည်းပညာများကိုလက်ခံအသုံးပြုရန်အတွက် မူဝါဒများနှင့်အားပေးမှုများ |
| **D6 ရေစီမံခန့် ခွဲမှု**<br><br>ခရီးစဉ်ဒေသတွင် ရေအသုံးချမှုကိုတိုင်းတာခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လျှော့နည်းစေခြင်းနှင့် အများပြည်သူလူထုသို့ အစီရင်ခံခြင်း စသဖြင့် လုပ်ငန်းများကိုအကူအညီပေးသည့်စနစ်ရှိခြင်း | IN-D6.a. ရေအသုံးချမှုကို တိုင်းတာခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လျှော့နည်းစေခြင်းနှင့် အများပြည်သူလူထုအစီရင်ခံခြင်း စသဖြင့် လုပ်ငန်းများကိုအကူအညီပေးသည့်အစီအစဉ် |
| **D7 ရေဖူလုံမှု**<br><br>ခရီးစဉ်ဒေသ၌ရေသယံဇာတအရင်းအမြစ်များကို လုပ်ငန်းများက အသုံးပြုရာတွင် ခရီးစဉ်ဒေသရပ်ရွာလူထုရေလိုအပ်ချက်နှင့်ညီညွတ်မျှတမှုကိုစောင့်ကြည့်လေ့လာသည့်စနစ်ရှိခြင်း | IN-D7.a. လုပ်ငန်းများက အသုံးပြုသည့် ရေနှင့် ခရီးစဉ်ဒေသရပ်ရွာလူထုရေလိုအပ်ချက်တို့ ညီညွတ်မျှတမှုရှိစေခြင်းနှင့် သဘာဇာတဖြစ်ခြင်းကိုသေချာစေသည့်စီမံခန့် ခွဲမှုစနစ် |
| **D8 ရေအရည်အသွေး**<br><br>ခရီးစဉ်ဒေသတွင် သောက်သုံးရေနှင့်အသုံးပြုရေ အရည်အသွေးကို အရည်အသွေးအဆင့်အတန်းအသုံးပြုလျက်စောင့်ကြည့်လေ့လာသည့်စနစ်ရှိခြင်း၊ စောင့်ကြည့်လေ့လာမှုရလဒ်အား အများပြည်သူလူထုရရှိနိုင်ခြင်းနှင့် ခရီးစဉ်ဒေသတွင် ရေအရည်အသွေးကိစ္စရပ်များကိုအချိန်နှင့်အမျှတုန့် ပြန်နိုင်သည့်စနစ်ရှိခြင်း | IN-D8.a. သောက်သုံးရေနှင့်အသုံးပြုရေ အရည်အသွေးကို စောင့်ကြည့်လေ့လာခြင်းနှင့် အများပြည်သူလူထုသို့ အစီရင်ခံအသိပေးခြင်းစီမံခန့် ခွဲမှုစနစ်<br><br>IN-D8.b. စောင့်ကြည့်လေ့လာမှုရလဒ်အား အများပြည်သူလူထုရရှိနိုင်ခြင်း<br><br>IN-D8.c. ရေအရည်အသွေးကိစ္စရပ်များကို အချိန်နှင့်အမျှတုန့် ပြန်နိုင်သည့်စနစ် |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| **D9 စွန့်ပစ်ရေ**<br><br>ခရီးစဉ်ဒေသတွင် ရေဆိုးကန်နေရာထားရှိမှုများ၊ ထိန်းသိမ်းခြင်းနှင့်စွန့်ထုတ်ရေအပေါ်စစ်ဆေးခြင်းနှင့် စွန့်ပစ်ရေသန့်စင်စနစ်များနှင့် ဒေသလူထုနှင့်ပတ်ဝန်းကျင်အပေါ်အနည်းဆုံးသက်ရောက်မှုဖြင့်လုံခြုံစွာပြန်လည်အသုံးပြုခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကို သေချာစေသည့် ရှင်းလင်းပြီး လုပ်နာဆောင်ရွက်စေသည့်လမ်းညွှန်များရှိခြင်း | IN-D9.a. ရေဆိုးကန်နေရာထားရှိမှုများ၊ ထိန်းသိမ်းခြင်းနှင့်စွန့်ထုတ်ရေအပေါ်စစ်ဆေးခြင်းနှင့်စွန့်ပစ်ရေသန့်စင်စနစ်များအပေါ် လုပ်ထုံးလုပ်နည်းများနှင့် လိုက်နာဆောင်ရွက်မှုအထောက်အထားများ<br><br>IN-D9.b. စွန့်ပစ်ရေသန့်စင်မှုအရွယ်အစားနှင့်ပုံစံတို့သည် ဒေသတည်နေရာအတွက် လုံလောက်မှုရှိခြင်းကို သေချာစေသည့်လုပ်ထုံးလုပ်နည်းများနှင့် လိုက်နာဆောင်ရွက်မှု အထောက်အထားများ<br><br>IN-D9.c. ထိရောက်စွာသန့်စင်ရန်နှင့် စွန့်ပစ်ရေပြန်လည်အသုံးပြုနိုင်ရန်လုပ်ငန်းများကို အထောက်အကူပေးသည့်အစီအစဉ်<br><br>IN-D9.d. စွန့်ပစ်ပစ္စည်းများသန့်စင်ခြင်းနှင့် ဒေသလူထုနှင့်ပတ်ဝန်းကျင်အပေါ် အနည်းဆုံးသက်ရောက်မှုဖြင့် လုံခြုံစွာပြန်လည်အသုံးပြုခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းကို သေချာစေသည့် အစီအစဉ် |
| **D10 အစိုင်အခဲစွန့်ပစ်ပစ္စည်းလျှော့ချရေး**<br><br>ခရီးစဉ်ဒေသတွင် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်၊ ပြန်လည်အသုံးပြုရန်နှင့် ပြန်လည်အသုံးချရန်အတွက် လုပ်ငန်းများကို တိုက်တွန်းသည့်စနစ်ရှိခြင်း။ ပြန်လည်အသုံးမပြုသည့် သို့မဟုတ် ပြန်လည်အသုံးမချသည့် မည်သည့်အကြွင်းအကျန်အစိုင်အခဲမဆို လုံခြုံပြီးရေရှည်တည်တံ့စွာစွန့်ပစ်ခြင်း | IN-D10.a. အများပြည်သူလူထု စွန့်ပစ်ပစ္စည်းစွန့်ပစ်မှုနှုန်းများကိုထိန်းသိမ်းနိုင်သည့် စွန့်ပစ်ပစ္စည်းကောက်ယူမှုစနစ်<br><br>IN-D10.b. အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အစိုင်အခဲစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစီမံချက်သည် အနည်းဆုံးပမာဏဖြစ်ရန် ရည်မှန်းချက်ထားရှိခြင်းနှင့် ပြန်လည်အသုံးမပြုသည့် သို့မဟုတ် ပြန်လည်အသုံးမချသည့် လုံခြုံပြီးရေရှည်တည်တံ့စွာစွန့်ပစ်မှုကိုသေချာစေခြင်း<br><br>IN-D10.c. စွန့်ပစ်ပစ္စည်းများကိုလျှော့ချရန်၊ ပြန်လည်အသုံးပြုရန်နှင့်ပြန်လည်အသုံးချရန်အတွက်လုပ်ငန်းများကို အကူအညီပေးသည့်အစီအစဉ်<br><br>IN-D10.d. လုပ်ငန်းများနှင့်ဧည့်သည်များ ပုလင်းသွင်းရေသောက်သုံးခြင်းကိုလျှော့ချစေသည့်အစီအစဉ် |

| စံသတ်မှတ်ချက်များ | အညွှန်းများ |
|---|---|
| D11 အလင်းရောင်နှင့်ဆူညံသံအနှောင့်အယှက်<br><br>ခရီးစဉ်ဒေသတွင် ဆူညံသံနှင့်အလင်းရောင်အနှောင့်အယှက်ပေးခြင်းကို လျော့ချစေသည့် လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများရှိခြင်း။ ခရီးစဉ်ဒေသသည် လုပ်ငန်းများကို ယင်းလမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများအား လိုက်နာရန် တိုက်တွန်းခြင်း။ | IN-D11.a.<br><br>ဆူညံသံနှင့်အလင်းရောင်အနှောင့်အယှက်ပေးခြင်းကို လျော့ချစေသည့်လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများ<br><br>IN-D11.b. ဆူညံသံနှင့်အလင်းရောင်အနှောင့်အယှက်ပေးခြင်းကို လျော့ချစေသည့် လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများကိုလိုက်နာရန်လုပ်ငန်းများသို့ တိုက်တွန်းသည့် အစီအစဉ် |
| D12 Low-impact transportation<br><br>ခရီးစဉ်ဒေသတွင် အများပြည်သူလူထုပို့ ဆောင်ရေးနှင့် လျင်မြန်သည့်ပို့ ဆောင်ရေးအပါအဝင် သက်ရောက်မှုနည်းသည့်ပို့ ဆောင်မှုကို တိုးမြှင့်အသုံးပြုသည့်စနစ်ရှိခြင်း (ဥပမာ လမ်းလျှောက်ခြင်းနှင့်စက်ဘီးစီးခြင်း) | IN-D12.a. သက်ရောက်မှုနည်းသည့်ပို့ ဆောင်မှုကို တိုးမြှင့်အသုံးပြုရန်အစီအစဉ်<br><br>IN-D12.b. ဧည့်သည်များစိတ်ဝင်စားသည့်နေရာဒေသများသို့ ပိုမိုလှုပ်ရှားသွားလာစေသည့်အစီအစဉ်(ဥပမာ လမ်းလျှောက်ခြင်းနှင့်စက်ဘီးစီးခြင်း) |